ဗိုလ်ချုပ်မောင်ဗိုလ်ခရီးစဉ်အပြီး ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် လယ်ယာခြံမြေသိမ်းယူပြန်ပြီး၊

လွတ်လပ်သောမွန်သတင်းအေဂျင်စီ
ဇူလိုင်လ ၉ ရက် ၂၀၀၃

ယနေ့ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် နအဖအာဏာပိုင်များမှ တပ်ရင်းအသစ်တရင်း တပ်ချရာတွင် လယ်ယာခြံမြေများကို သိမ်းယူရန်အတွက် လယ်သမားများပိုင် မြေကေများစွာကို တိုင်းတာယူနေပြီး 'တပ်မြေ' သတ်မှတ်ရန် ဝါးတိုင်များ စိုက်ထူနေလျှက် ရှိပါသည်။

သိမ်းယူသည့် လယ်ယာခြံမြေများသည် ကော့ဘိန်းကျေးရွာအနီးရှိ မင်းရွာကျေးရွာနှင့် ပေါက်ကြူးကုန်းရွာအကြားတွင်ဖြစ်ပြီး၊ မွန်ပြည်သစ်ပါတီထိန်းချုပ်သော သထုံခရိုင် ၅ မိုင် ပတ်လည်ကွင်းအတွင်းတွင် ဖြစ်သည်ဟု သိရပါသည်။

ယခု လယ်ယာခြံမြေများ သိမ်းယူရန်အတွက် ဒေသခံရွာသားမှ ဝါးများကို အတင်း တောင်းယူခဲ့သည့်အတွက် မင်းရွာကျေးရွာမှ ရွာသားများ ဝါးခုတ်ပေးနေရကြောင်း ရွာသားများက လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

ရွာသားများ၏ အဆိုရ ''ယခုလို လယ်ယာခြံမြေ သိမ်းခံရတာဟာ ပြီးခဲ့တဲ့ ဇူလိုင်လ ၆ ရက်နေ့က ဗိုလ်ချုပ်မောင်ဗိုလ် ဒီဒေသခရီးစဉ် လာပြီးနောက်ပိုင်းမှာ ဖြစ်ပေါ်လာတာပဲ။ သူ့ရဲ့ခရီးစဉ်မှာ ကျနော်တို့ရွာသားများရဲ့ အဓမ္မလုပ်အားနဲ့ ဖောက်လုပ်ထားတဲ့ ကော့ဘိန်း–ကျုံဒိုးလမ်း၏ ပြီးစီးမှုနဲ့ ပျက်စီးနေမှုကို ကြည့်ပြီးတော့ ၄င်းလမ်းအစီအစဉ်ကို ဖျက်သိမ်းပစ်လိုက်ပြီး နောက်ထပ်လမ်းအသစ်တခု ထပ်ဖောက်မည့် အစီအစဉ်ကို ချမှတ်ခဲ့ပါတယ်။ လမ်းအသစ်အစီအစဉ်အရပေါ့လေ လမ်းလုံခြုံရေးအတွက် ဆိုပြီး တပ်ရင်းအသစ်တရင်း တည်ဆောက်ရမယ်။ တပ်ရင်းအသစ်အတွက် ဆိုပြီး လယ်ယာခြံမြေတွေကို သိမ်းယူဖို့ လယ်ယာမြေတွေကို ယနေ့ တိုင်းနေတာပဲ'' ဟု မင်းရွာ ရွာသားများက ရှင်းပြခဲ့ပါသည်။

လယ်ယာခြံမြေ မည်မျှသိမ်းယူတာကို နအဖအာဏာပိုင်တွေက မပြောပြထားကြောင်း သိရပါသည်။ ယခု သိမ်းယူမှုသည် တပ်ရင်းဖူလုံရေးအတွက်လည်း ပါသည်ဟု ရွာသားများက ဆိုပါသည်။

ယခုလို လယ်ယာခြံမြေတွေကို ဝါးတိုင်စိုက်ထူပြီး သိမ်းယူနေတာကြောင့် မင်းရွာ နှင့် ပေါက်ကြူးကုန်း ရွာများမှ လယ်သမားများသည် မိမိတို့ လယ်ယာခြံများ ပါသွားမည်ကို စိုးရိမ်ကြောက်ရွံ့နေကြကြောင်း သိရပါသည်။